# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 20 , 2023 Volume 65, Number 8

၂၀.၄.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၆၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၆၀ |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၀၃.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၁၀.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၄.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၃၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၉.၄၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၃.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၂၂၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## EV အားသွင်းစက်များနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းထုတ်လုပ်လိုပါက ဦးဆောင်ကော်မတီထံ အဆိုပြုလွှာများ တင်သွင်းရမည်

EV ယာဉ်များအား ပြည်ပမှ တင်သွင်းခွင့်ပြုရာမှ ပြည်တွင်းမှာပါ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ရာ တင်သွင်းထုတ်လုပ်လိုပါက သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် ဦးဆောင်ကော်မတီထံ အဆိုပြုလွှာများ တင်သွင်းရမည်ဖြစ်ကြောင်း သိရသည်။

EV ယာဉ်များနိုင်ငံအတွင်း တွင်ကျယ်စွာအသုံးပြုနိုင်ဖို့ ယခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကနဦးရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်နေကြောင်း၊ အဆိုပါစီမံကိန်း ဆောင်ရွက်နေစဉ်အတွင်း EV Charging Station များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ရန်ကုန်-မန္တလေးအမြန်လမ်းကြီးရှိ နေရာ ၁၉ ခုတွင် ကုမ္ပဏီ ၉ ခုမှ တာဝန်ယူတည်ဆောက်ထားသည်။

ယင်းအပြင် EV လျှပ်စစ်သုံးယာဉ်များကို တစ်နိုင်ငံလုံးတွင် အသုံးပြုပြေးဆွဲနိုင်ရန်အတွက် အဓိကလမ်းမကြီးများတွင် အားသွင်းသည့်နေရာများ တည်ဆောက်နိုင်ရန်အတွက် လေ့လာဆန်းစစ်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**Source: Popular News Journal**

## ပို့ကုန်ရငွေ ၆၅ ရာခိုင်နှုန်းအား မြန်မာကျပ်ငွေဖြင့် လဲလှယ်ရမည်

ပို့ကုန်ကြေညာလွှာ(ED)များအတွက် ပြန်လည်ဝင်ရောက်လာသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းကို မြန်မာကျပ်ငွေ လဲလှယ်ရမည်ဖြစ်ပြီး ကျန် ၃၅ ရာခိုင်နှုန်းကို ဈေးကွက်ပေါက်ဈေးဖြင့် ရောင်းချ အသုံးပြုခွင့်ပြုမည်ဟု နိုင်ငံခြားသုံးငွေကြီးကြပ်မှုကော်မတီ အစည်းအဝေး(၂၇/၂၀၂၃) ဆုံးဖြတ်ချက်အရ ဆုံးဖြတ်ခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဧပြီ ၁၈ ရက် ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၅ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၂) မထုတ်ပြန်ခင် ကြားကာလတွင် တင်ပို့ခဲ့သည့် ပို့ကုန်ကြေညာလွှာ (ED) များအတွက် ပြန်လည်ဝင်ရောက်လာသည့် ပို့ကုန်ရငွေပမာဏ၏ ၆၅ ရာခိုင်နှုန်းကို သတ်မှတ်ချက်များနှင့်အညီ မြန်မာကျပ်ငွေလဲလှယ်ဆောင်ရွက်ပြီး ကျန် ၃၅ ရာခိုင်နှုန်းအား ဈေးကွက်ပေါက်ဈေးအတိုင်း ရောင်းချအသုံးပြုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အဆိုပါကြေညာချက်အား နိုင်ငံခြားငွေ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း AD လိုင်စင်ရဘဏ်များအနေဖြင့် လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု အခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့် ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၈ ရက်မှ ၁၄ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၆၈၅၉၉၅၉၈.၈၁ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၆၇၄၅၃၆.၆၆ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဖရဲသီး၊ ဆန်ကွဲ၊ မြေထောက်ပဲ၊ ပဲကြီး၊ နှမ်းညို၊ မြေပဲဆန်၊ ပဲတီစိမ်း၊ ကြံနှင့် ရွှေဖရုံသီးများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၁၈၅၇၇၃၄၅.၈၁ ကန်ဒေါ်လာ ဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏ တန်ဖိုးမှာ ၅၀၀၂၂၅၃.၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ချည်ထည်များ၊ ကုန်ထုတ်စက္ကူများ၊ သားရေ/သားရေတုဖြင့်ပြုလုပ်သောပစ္စည်းများ၊ ဓါတုဗေဒချည်ခင်များ၊ မော်တော်ဆိုင်ကယ်အပို ပစ္စည်းများ၊ အခြားစက္ကူများ၊ သံပိုက်၊ ဖန်ခွက်နှင့် မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၁၈၅၁၅.၀၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏ တန်ဖိုးမှာ ကန်ဒေါ်လာ ၅၅၆၀၂၁.၆၆ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် ဝ.၃၂၅ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၇.၆၉ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: မနော်မြေကုန်သွယ်မှုဇုံဌာန**

## BIOFACH 2024 အား လာမည့်နှစ် ဖေဖော်ဝါရီလအတွင်း ဂျာမနီနိုင်ငံ၊ Nuremberg မြို့တွင် ကျင်းပမည်ဖြစ်

Organic စားသောက်ကုန်များနှင့် စိုက်ပျိုးရေးထုတ်ကုန်များအတွက် ကမ္ဘာ့အကြီးဆုံး ထိပ်တန်း ကုန်စည်ပြပွဲကြီးဖြစ်သည့် BIOFACH 2024 ကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်မှ ၁၆ ရက်ထိ ဂျာမနီနိုင်ငံ၊ Nuremberg မြို့တွင် လေးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

BIOFACH ကို Nuremberg Messe GmbH က ကြီးမှူး၍ နှစ်စဉ်ကျင်းပလျက်ရှိရာ ၁၄-၂-၂၀၂၃ မှ ၁၇-၂-၂၀၂၃ ရက်အထိ ကျင်းပခဲ့သော BIOFACH 2023 သို့ နိုင်ငံပေါင်း (၁၃၅) နိုင်ငံမှ စိတ်ပါဝင်စားသူ (၃၆၀၀၀) နီးပါးခန့် လာရောက် ကြည့်ရှုလေ့လာခဲ့ကြပါသည်။

ယင်းကုန်စည်ပြပွဲကြီးတွင် နိုင်ငံပေါင်း (၉၅) နိုင်ငံမှ လာရောက်ပြသသူ (၂၇၆၅) ဦးက အော်ဂဲနစ် စားသောက်ကုန် များနှင့် အလှကုန်ပစ္စည်းများကို ပြခန်းများနှင့် Digital event platform များဖြင့် ခင်းကျင်းပြသခဲ့ကြရာ နိုင်ငံတကာမှ အော်ဂဲနစ် စားသောက်ကုန်များနှင့် သဘာဝအလှကုန်ပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံများမှ ကိုယ်စားလှယ်များအချင်းချင်း တွေ့ဆုံခွင့်ရရှိခဲ့ကြသဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့ပြီး အနာဂတ်ကာလကို ပုံဖော်နိုင်ခဲ့ကြပါသည်။

၂၀၂၂ ခုနှစ်က ကျင်းပခဲ့သော BIOFACH 2022 သို့ မြန်မာနိုင်ငံမှ လက်ဖက်ကုမ္ပဏီများက ပြခန်းများ ခင်းကျင်းပြသခြင်းနှင့် Digital Event Platform များမှတစ်ဆင့် ပြသခြင်းများ ပါဝင်ဆောင်ရွက်ခဲ့သကဲ့သို့ Trade Visitors အဖြစ် ကြည့်ရှုလေ့လာမှုများလည်းရှိခဲ့ပါသည်။

BIOFACH တွင် အော်ဂဲနစ်ဈေးကွက်များမှ ထုတ်လုပ်သူများနှင့်တွေ့ဆုံခွင့်ရရှိနိုင်ပြီး အော်ဂဲနစ်ကဏ္ဍ၏ Latest Trends များကိုပါ စိတ်ပါဝင်စားစွာ လေ့လာနိုင်သဖြင့် မြန်မာနိုင်ငံမှ စားသောက်ကုန်ထုတ်လုပ်သော ကုမ္ပဏီများအနေဖြင့် လာရောက်လေ့လာပြသသင့်သော ကုန်စည်ပြပွဲကြီး တစ်ခုဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။

**Source: https://www.biofach.de/en**

**https://www.biofach.de/en/news/press-releases/2023-biofach-closing-report-o8jwq34kss_pireport**

**(စီးပွားရေးသံမှူး၊ ဘာလင်)**

## တရုတ်နိုင်ငံသည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် သကြားထွက်ရှိမှု ခန့်မှန်းချက်ကို ပြန်လည်ပြင်ဆင်ခဲ့

တရုတ်နိုင်ငံ၏ သကြားထွက်ရှိမှုသည် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ တန်ချိန် ၉ သန်းအထိ ရှိမည်ဟု မျှော်မှန်းထားကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန၏ အစီရင်ခံစာအရသိရသည်။

အဆိုပါဝန်ကြီးဌာန၏ Chinese Agriculture Outlook Committee အောက်ရှိ တရုတ်နိုင်ငံ စိုက်ပျိုးရေး ရောင်းလိုအားနှင့် ဝယ်လိုအားခန့်မှန်းချက်များအရ သကြားထွက်ရှိမှုသည် ပြီးခဲ့သည့်လက ခန့်မှန်းထားသည်ထက် တန်ချိန် ၃၃၀,၀၀၀ ကျဆင်းခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံ၏ သကြားအဓိကထုတ်လုပ်ရာဒေသဖြစ်သည့် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ရှီးကျွမ့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ ကြံအထွက်နှုန်း ကျဆင်းသွားခြင်းကြောင့် လစဉ်ဆန်းစစ်မှု အစီရင်ခံစာတွင် ပြန်လည်ပြင်ဆင်ခြင်းဖြစ်သည်ဟု ယူဆကြောင်း သိရှိရသည်။

ပြည်တွင်း၌ သကြားတစ်တန်ဈေးနှုန်းမှာလည်း ယခုနှစ်မတ်လတွင် ခန့်မှန်းခဲ့သည့် ယွမ် ၅,၆၅၀ - ၆,၂၀၀ ယွမ်မှ ယွမ် ၅,၉၅၀ (အမေရိကန် ဒေါ်လာ ၈၆၃.၈ ခန့်) - ၆,၅၅၀ ယွမ်အထိ မြင့်တက်လာမည်ဟု အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရသည်။ သကြားထုတ်လုပ်မှုမှ ပြည်တွင်းသကြားဈေးကွက်အပေါ် အကျိုးသက်ရောက်မှုနှင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့မှုအခြေအနေတို့ကို ထင်ဟပ်လျက်ရှိကြောင်း သိရှိရသည်။

**Source:** https://english.news.cn/20230415/6f052d0d30564fa19b33aa884886017a/c.html

**စီးပွားရေးသံမှူး၊ နန်နင်း**

## ရုရှားရေနံတင်ပို့မှုအားကောင်းဆဲ, တရုတ်နှင့်အိန္ဒိယက အဓိကဝယ်လက်များဖြစ်လာဟုဆို

ယူကရိန်းစစ်ကြောင့် ရုရှားအားအနောက်အုပ်စုမှ ပိတ်ဆို့ဒဏ်ခတ်မှုများပြုလုပ်ခဲ့သဖြင့် ယခုကာလအတွင်း တရုတ်၊ အိန္ဒိယနှင့် ရုရှားတို့၏ဆက်ဆံရေးသည် ပိုမိုအားကောင်းလာခဲ့ပြီး ရေနံကုန်သွယ်မှုသည်လည်း ပိုမိုတိုးတက်လာကြောင်း သိရသည်။

အိန္ဒိယနှင့်တရုတ်တို့သည် ရုရှားရေနံအတွက် တစ်စည်လျှင် ဒေါ်လာ ၆၀ နှုန်းဖြင့်သာရောင်းချရန် အနောက်အုပ်စုက ကန့်သတ်ထားသည့်ဈေးထက်ပိုပေးကာ ဧပြီလအတွင်း ရုရှားထံမှ ရေနံအများအပြားဝယ်ယူခဲ့ကြောင်း ရိုက်တာသတင်း တစ်ရပ်အရသိရသည်။

ရိုက်တာသတင်းဌာန၏တင်ပြချက်အရ အိန္ဒိယသည် ဧပြီလလယ်အထိ ရုရှားရေနံ၏ ၇၀ ရာခိုင်နှုန်းအထိ ဝယ်ယူခဲ့ပြီး တရုတ်သည် ၂၀ ရာခိုင်နှုန်း ဝယ်ယူခဲ့ကြောင်းသိရသည်။

မီဒီယာများ၏ဖော်ပြချက်အရ အိန္ဒိယနှင့်တရုတ်တို့သည် အနောက်အုပ်စုက ရုရှားအပေါ်ချမှတ်ထားသော ရေနံဈေးနှုန်း ကန့်သတ်ချက်အား လိုက်နာပါမည်ဟု ကတိမပြုထားကြောင်းလည်းသိရသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလ၌ G - 7 နိုင်ငံများနှင့် ဩစတြေးလျတို့သည် ရုရှားရေနံဈေးနှုန်းအား တစ်စည်လျှင်ဒေါ်လာ ၆၀ နှုန်းသတ်မှတ်ရန်သဘောတူခဲ့ကြပြီး ရုရှား၏အခွန်ဘဏ္ဍာလျော့ကျရေးကို ပြုလုပ်ခဲ့ကြသည်။ သို့သော် အဆိုပါဈေးနှုန်း ကန့်သတ်ချက်အား သဘောမတူညီသည့်နိုင်ငံများကမူ ယခုကဲ့သို့ ပြုလုပ်ခြင်းသည် ယူကရိန်းရှိ ရုရှား၏ခြေလှမ်းများအား နှေးသွားအောင်မလုပ်နိုင်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

ရုရှားသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ယူကရိန်းသို့ကျူးကျော်ခဲ့မှုကြောင့် အနောက်အုပ်စု၏ ပိတ်ဆို့ဒဏ်ခတ်မှုများကို ခံနေရသည်။

**Source : WION**

**Popular News Journal**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့ခြင်းဖြင့် အရှိန်အဟုန်တိုးမြင့်လာ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဓိကစိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများမှာ ဟင်းသီးဟင်းရွက်၊ လက်ဖက်၊ ပန်း၊ သစ်သီးဝလံ၊ ဟင်းခတ်အမွှေးအကြိုင်မျိုးစုံ၊ ဆေးရွက်ကြီး၊ စားသောက်ကုန် အခြောက်များစသည်တို့ဖြစ်ကြောင်း ပို့ကုန်ဖွံ့ဖြိုးတိုးတက်မှုဗျူရို၏ ပြောကြားချက်အရသိရှိရပါကြောင်း ရေးသားဖော်ပြထားသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စားသောက်ကုန်အခြောက်များဖြစ်သည့် ဘီစကွတ်များ၊ သွားရေစာများ၊ ကိတ်မုန့်များ၊ အာလူးကြော်နှင့် အချိုမသီးများကဲ့သို့သော ထုတ်ကုန်ပစ္စည်းများတင်ပို့မှုတွင် ပိုမိုတိုးမြှင့်တင်ပို့နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

ပြီးခဲ့သည့်ဘဏ္ဍာရေးနှစ် ၂၀၂၂ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တင်ပို့သည့် စိုက်ပျိုးရေးထွက်ကုန်များမှ ဝင်ငွေရရှိသည့် အမေရိကန်ဒေါ်လာသန်း (၁၀၀)အနက်တွင် ပြုပြင်ထုတ်လုပ်ထားသော စားသောက်ကုန် တင်ပို့မှုမှရရှိသည့် ပမာဏမှာ အများဆုံးဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်များမှ စားသောက်ကုန်ထုတ်လုပ်သည့်ကုမ္ပဏီပေါင်း (၅၀၀)ကျော်ရှိကြောင်း သိရှိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လယ်ယာထွက်ကုန်များတင်ပို့ခြင်းနှင့် ပြုပြင်ထားသော အသင့်စားသောက်နိုင်သည့် စားသောက်ကုန်များတင်ပို့ခြင်းမှ ရရှိသောအခွန်ငွေ (၂၀%) သည် နိုင်ငံဘဏ္ဍာအတွက် ပံ့ပိုးပေးလျက်ရှိပြီး စိုက်ပျိုးရေးထွက်ကုန်များ တင်ပို့မှုမှရရှိသည့် ပို့ကုန်ဝင်ငွေသည် ပြီးခဲ့သည့် (၄)နှစ်အတွင်း တိုးတက်လာခဲ့ကြောင်း ရေးသားထားသည်။

ကိုရိုနာကပ်ရောဂါကြောင့် ကမ္ဘာ့ဈေးကွက်တွင် စိုက်ပျိုးရေးထုတ်ကုန်များနှင့် ပြုပြင်ထားသော အသင့်စားသုံးနိုင်သည့် စားသောက်ကုန်များ၏ ဝယ်လိုအားသည်ယခင်ကထက် တိုးလာပြီး ဘင်္ဂလားဒေ့ရှ်အစိုးရသည် အဆင့်မြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည့်လုပ်ငန်းရှင်များအား လိုအပ်သည့်အထောက်အပံ့များပေးမည်ဖြစ်ကြောင်း ရေးသားထားသည်။ စိုက်ပျိုးရေးထွက်ကုန်များဖြင့် ပြုပြင်ထုတ်လုပ်ထားသော အဆင့်မြင့်စားသောက်ကုန်များထဲတွင် အဓိကတင်ပို့သည့် အစားအစာများမှာ ပေါင်မုန့်၊ ဘီစကွတ်၊ စားသုံးဆီများ၊ သစ်သီးဖျော်ရည်များ၊ ဟင်းခတ်အမွှေးအကြိုင်မျိုးစုံ၊ အဖျော်ယမကာများ၊ ယိုနှင့်ဂျယ်လီကဲ့သို့ သကြားပါဝင်သောမုန့်မျိုးစုံတို့ဖြစ်ပါသည်။

ထို့အပြင် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လယ်ယာထွက်ကုန် ဒေါ်လာ(၁)ဘီလီယံ တင်ပို့နိုင်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ခေတ်မီနည်းပညာများနှင့် အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များ ထုတ်လုပ်လာနိုင်မှုတို့ကြောင့် တင်ပို့မှုမှာ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။ ထို့အပြင် အခွန်ဖြေလျှော့မှုနှင့် ငွေသားအကူအညီများပေးခြင်းကဲ့သို့ အစိုးရ၏မူဝါဒပံ့ပိုးမှုသည်လည်း လယ်ယာထွက်ကုန်တင်ပို့မှု တိုးတက်လာခြင်း၏ အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ရှိဘဏ္ဍာရေးနှစ်၏ (၅)လတာအတွင်း ပြည်တွင်းကုမ္ပဏီများမှ ဘီစကွတ်နှင့် ပေါင်မုန့်ကဲ့သို့သော စားသောက်ကုန်ခြောက်များကို တင်ပို့ခြင်းဖြင့် ဒေါ်လာ (၈၈.၆)သန်းရရှိခဲ့သည်။ ဘင်္ဂလားဒေ့ရှ်၏ လယ်ယာထွက်ကုန်များ အဓိကတင်ပို့သည့်နိုင်ငံများမှာ ဥရောပသမဂ္ဂ၊ အရှေ့အလယ်ပိုင်းနှင့် ပင်လယ်ကွေ့ဒေသတို့ဖြစ်ပြီး အဓိကစားသုံးသူတို့မှာ အဆိုပါနိုင်ငံများတွင် နေထိုင်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများနှင့် အခြားတောင်အာရှ နိုင်ငံခြားသားများဖြစ်သည်။ လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြုပြင်ထုတ်လုပ်ထားသော စားသောက်ကုန်များကို ကမ္ဘာ့နိုင်ငံပေါင်း(၁၄၅)နိုင်ငံသို့ တင်ပို့လျက်ရှိသည်။

ယခုအခါ လူတို့စားသုံးမှုအတွက် ကျန်းမာရေးနှင့်သင့်လျော်သည်ဟူသော ထောက်ခံချက်လက်မှတ်သည် စိုက်ပျိုးရေးထွက်ကုန်များတင်ပို့ရာတွင် အဓိကအတားအဆီးတစ်ခုဖြစ်လာသည်။ သို့ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ထိုသို့လက်မှတ်ထုတ်ပေးသည့် အဖွဲ့အစည်းမရှိသေးကြောင်းနှင့် ထိုသို့နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်လျှင် ပို့ကုန်တင်ပို့

ရာတွင် (၁၀)ဆ တိုးလာနိုင်ပြီး နှစ်စဉ်နိုင်ငံခြားငွေဒေါ်လာ (၁၃)ဘီလီယံရရှိနိုင်ပါကြောင်းလည်း ရေးသားဖော်ပြထားသည်။ လယ်ယာထွက်ကုန်များနှင့် လယ်ယာထွက်ကုန်များဖြင့် ထုတ်လုပ်သော စားသောက်ကုန်များတင်ပို့ရန် ဈေးကွက် အလားအလာရှိပြီး ပြည်ပတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လယ်ယာထွက်ကုန် ဝယ်လိုအားမှာ ကြီးမားလျက်ရှိသည်။ သို့သော် လူတို့ စားသုံးမှုအတွက် ကျန်းမာရေးနှင့်သင့်လျော်သည်ဟူသော လက်မှတ်သည် ကုန်စည်တင်ပို့ရန်အတွက် အဓိက အတားအဆီး တစ်ခုအဖြစ် ရှိနေဆဲဖြစ်ကြောင်း Fresh Angle ကွန်ရက်ဆောင်းပါးအရ သိရှိရသည်။

**Source :** https://freshangleng.com/28037/bangladesh-s-economy

https://www.commerce.gov.mm/my/article/border-trade-news-update-news-international-trade-update-news-border-area-trade-10

## STOCK EXCHANGE (20.4.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Apr. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,830 (Shares) | 7,739,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 42 | 336,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,000 | +50 | +1.69% | 3,000 | 3,000 | 2,950 | 382 | 1,130,000 | 38,929,150 | 116,788 |
| MCB | 00003 | 6,900 | +0 | +0.00% | 6,900 | 6,900 | 6,900 | 0 | 0 | 10,400,986 | 71,767 |
| FPB | 00004 | 1,450 | +0 | +0.00% | 1,450 | 1,450 | 1,400 | 4,376 | 6,195,200 | 29,664,613 | 43,014 |
| TMH | 00005 | 2,550 | +0 | +0.00% | 2,550 | 2,550 | 2,550 | 0 | 0 | 12,823,224 | 32,699 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 30 | 78,000 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 20th Apr. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.96 | +1.10 | +0.31% | 358.96 | 358.96 | 357.86 | 4,830 | 7,739,200 | 7 | 632,525 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 20th Apr. 2023

| Trading Volume | Trading Value |
|---|---|
| 4,830 (Shares) | 7,739,200 (MMK) |

### Main Board

As of 1:00 pm, 20th Apr. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,830 (Shares) | 7,739,200 (MMK) |

| MYANPIX | 358.96 ▲ 1.10 |
|---|---|
| Total Volume (shares) | 4,830 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 632,525 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 6,900 | ▲ 0 |
| FPB | 00004 | 1,450 | ▲ 0 |
| TMH | 00005 | 2,550 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |

TIR